# Crisis Payment

Crisis Payment ဆိုသည်မှာ ဆိုးဝါးလွန်းသော အခြေအနေ ကြုံတွေ့ခဲ့ရပြီး ငွေကြေးအရ အလွန်အမင်း အခက်အခဲဖြစ်နေသည့်အခါ ပေးသည့်အခွန်မစည်းကြပ်သော တစ်ကြိမ်တည်းသာပေးသော ထောက်ပံ့ကြေးဖြစ်သည်။

## Crisis Payment ရထိုက်ခွင့်သတ်မှတ်ချက်

Crisis Payment ရရှိရန် သင်သည် အောက်ပါတို့ **အားလုံး** နှင့်ကိုက်ညီရမည်–

- အလွန်အမင်း ငွေကြေးအခက်အခဲရှိရမည်
- ဝင်ငွေအကူ ထောက်ပံ့ကြေး သို့မဟုတ် ABSTUDY Living Allowance ရနေရမည် သို့မဟုတ် ရထိုက်ခွင့်ရှိရမည်
- ဆိုးဝါးလွန်းသည့် အခြေအနေ ကြုံတွေ့နေရမည်
- တောင်းခံသည့်နေ့ရက်တွင် Australia ရှိနေရမည်
- ဆိုးဝါးလွန်းသည့် အခြေအနေ ကြုံတွေ့သည့်နေ့ရက်မှ 7 ရက်အတွင်း ကျွန်ုပ်တို့ကို ဆက်သွယ်ပါ သို့မဟုတ် တောင်းခံပါ။

အကယ်၍ သင် Family Tax Benefit payment သို့မဟုတ် Child Care Subsidy ကိုသာ ရရှိနေလျှင် Crisis Payment ကို မရနိုင်ပါ။

## ဆိုးဝါးလွန်းသည့် အခြေအနေများ

ကျွန်ုပ်တို့အနေဖြင့် အောက်ပါတို့အနက် **တစ်ခု** ကို ဆိုးဝါးလွန်းသည့် အခြေအနေအဖြစ် ယူဆပါသည်–

- အိမ်အသစ်ပြောင်းနေရန် သို့မဟုတ် ပြောင်းနေရန်အတွက် ရည်ရွယ်ရန် သင့်အား အိမ်မှ အတင်းအကျပ် ထွက်ခွာသွားစေမည့် မိသားစု သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှုကို သင် ကြုံတွေ့ခဲ့ရသည်
- အိမ်တွင်း အကြမ်းဖက်မှု ကြုံတွေ့ပြီးနောက် ကျူးလွန်သည့် မိသားစုဝင်သည် အိမ်မှ ထွက်ခွာသွားပြီးနောက် သို့မဟုတ် ဖယ်ရှားခံရပြီးနောက် သင် သင့်အိမ်တွင် နေခဲ့သည်
- ဘေးအန္တရာယ် ကယ်ဆယ်ရေး ထောက်ပံ့ငွေဖြင့် အကျုံးမဝင်သည့် သဘာဝ ဘေးဒဏ် သို့မဟုတ် အခြား ဘေးဒဏ်ကြောင့် သင် သင့်အိမ်မှ ထွက်ခွာခဲ့သည်
- သင် အကျဉ်းထောင် သို့မဟုတ် စိတ်ရောဂါ ထိန်းသိမ်းရေးစခန်းမှ အနည်းဆုံး 14 ရက်ကြာ လွတ်မြောက်ခဲ့သည်
- သင် Australia နိုင်ငံသို့ ပထမဦးဆုံးအကြိမ် humanitarian visa ဖြင့် ရောက်ရှိလာခဲ့သည်။

## Crisis Payment ပမာဏ

Crisis Payment ပမာဏသည် သင်၏ အခြေခံ Centrelink ပင်စင် သို့မဟုတ် ထောက်ပံ့ကြေး၏ တစ်ပတ်စာ ထောက်ပံ့ကြေးနှင့် ညီမျှသည်။ ၎င်းပမာဏတွင် Rent Assistance သို့မဟုတ် Pharmaceutical Allowance စသော အပိုပေးသည့်ထောက်ပံ့ငွေများ မပါဝင်ပါ။ ဤပမာဏမှာ သင်၏ ပုံမှန် နှစ်ပတ်တစ်ကြိမ်ပေးသည့် ထောက်ပံ့ငွေအပေါ် အခွန် မစည်းကြပ်သည့် တစ်ကြိမ်တည်းသာပေးသော အပိုငွေဖြစ်ပါသည်။

အကယ်၍ သင် Crisis Payment ရလျှင် သင့်အနေဖြင့် သင့် ပင်စင်ငွေ သို့မဟုတ် ထောက်ပံ့ကြေးငွေ၏ ပထမအကြိမ်ပေးငွေ အချို့အဝက်ကို စော၍ရရှိရန်အတွက်လည်း အကယ်၍ ရထိုက်လျှင် လျှောက်ထားနိုင်သည်။ ၎င်းကို ကျွန်ုပ်တို့က Hardship Advance ဟုခေါ်ပါသည်။

## Crisis Payment ကိုတောင်းခံပါ

သင် Crisis Payment ကို myGov မှတစ်ဆင့် သင်၏ Centrelink အွန်လိုင်း စာရင်းကိုသုံး၍ တောင်းခံနိုင်သည်။

အကယ်၍ သင့်တွင် myGov စာရင်း သို့မဟုတ် Centrelink အွန်လိုင်း စာရင်း မရှိလျှင် သင် စာရင်းဖွင့်ရန်လိုအပ်သည်။

myGov စာရင်းဖွင့်ရန် ဝက်ဘ်ဆိုက် **my.gov.au/en/about/mygov-community-resources** သို့ဝင်ရောက်ပြီး eKit မှတစ်ဆင့် ဘာသာပြန်ဆိုထားသော လမ်းညွှန်များကို ဒေါင်းလုဒ်ဆွဲယူပါ။

အကယ်၍ သင် အွန်လိုင်းမှ မလျှောက်ထားနိုင်ပါက သင် ဖုန်း **132 850** ကို ခေါ်ဆိုနိုင်သည် သို့မဟုတ် သင့် ပုံမှန် ထောက်ပံ့ကြေးဖုန်းလိုင်းကို ခေါ်ဆိုနိုင်သည်။ သင် ကျွန်ုပ်တို့၏ ဖုန်းနံပါတ်များကို အင်္ဂလိပ်စာ ဖြင့် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/phoneus** တွင် တွေ့နိုင်သည်။ သင် စကားပြန် လိုအပ်လျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ စကားပြန်တစ်ဦးကို စီစဉ်ပေးပါမည်။

## ပိုမိုသိရှိရန်အတွက်

- အင်္ဂလိပ်စာဖြင့် ပိုမိုသိရှိရန် ဝက်ဘ်ဆိုက်– **servicesaustralia.gov.au/crisispayment** တွင် ကြည့်ရှုပါ။
- သင့်ဘာသာစကားဖြင့် အချက်အလက်များကို ဝက်ဘ်ဆိုက်– **servicesaustralia.gov.au/yourlanguage** တွင် သင် ဖတ်ရှုနိုင်သည်၊ နားထောင်နိုင်သည် သို့မဟုတ် ကြည့်ရှုနိုင်သည်။
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်လုပ်ငန်းများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့် စကားပြောရန် ဖုန်း **131 202** ကို ခေါ်ဆိုပါ။
- Medicare အတွက် ဖုန်း **132 011** နှင့် **131 272** ကို Child Support အတွက် ခေါ်ဆိုပါ။ သင် စကားပြန် လိုအပ်လျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ စကားပြန်တစ်ဦးကို စီစဉ်ပေးပါမည်။
- အကယ်၍ သင် **မိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှု** ကြုံတွေ့နေရလျှင် အကူအညီ ရရှိနိုင်ပါသည်။ ဖုန်း **132 850** ကို တနင်္လာမှ သောကြာ နံနက် 8 နာရီမှ ညနေ 5 နာရီ ဒေသစံတော်ချိန်အတိုင်း ခေါ်ဆိုပြီး လူမှုလုပ်သားဝန်ထမ်းနှင့် စကားပြောဆိုရန် တောင်းဆိုပါ။
- ဝန်ဆောင်ဌာနတစ်ခုသို့ သွားရောက်ပါ။

Australia နိုင်ငံရှိ မည်သည့်နေရာမှမဆို သင့် အိမ်ကြိုးဖုန်းဖြင့် ဖုန်း 13 နံပါတ်များသို့ ခေါ်ဆိုခြင်းများကို ပုံသေဖုန်းခေါ်ခနှုန်းဖြင့် ကျခံရပါသည်။ အဆိုပါ ဖုန်းခေါ်ခနှုန်းထားများမှာ ဒေသတွင်း ဖုန်းခေါ်ခ ကွဲပြားခြားနားနိုင်သလို တယ်လီဖုန်း ကုမ္ပဏီ အချင်းချင်းအကြားတွင်လည်း ကွဲပြားခြားနားနိုင်ပါသည်။ သင့်အိမ်ကြိုးဖုန်းမှ 1800 နံပါတ်များသို့ ခေါ်ဆိုသည့် ဖုန်းခေါ်မှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းများနှင့် မိုဘိုင်းဖုန်းများမှ ခေါ်ဆိုသော ဖုန်းခေါ်မှုများကို ကြာသည့်အချိန်ပေါ်မူတည်ပြီး ဈေးနှုန်းကြီးမြင့်နိုင်သည်။

## တာဝန်မယူငြင်းဆိုချက်

ဤထုတ်ဝေစာစောင်တွင် ပါရှိသည့် အချက်အလက်များကို ထောက်ပံ့ကြေးငွေများနှင့် ဝန်ဆောင်လုပ်ငန်းများအတွက် လမ်းညွှန်သာ ဖြစ်ပါသည်။ ထောက်ပံ့ကြေးငွေကို လျှောက်ထား လိုမလိုနှင့် သင့် သီးခြား အခြေအနေများနှင့်ပတ်သက်ပြီး လျှောက်လွှာတင်သွင်း လိုမလိုကို ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်သည်။

# Crisis Payment

Crisis Payment is a one-off non-taxable payment when you have experienced an extreme circumstance and are in severe financial hardship.

## Eligibility for Crisis Payment

To get a Crisis Payment, you must meet **all** of the following:

- be in severe financial hardship
- get, or be eligible for, an income support payment or ABSTUDY Living Allowance
- be experiencing an extreme circumstance
- be in Australia on the day of claim
- contact us, or make a claim within 7 days of the extreme circumstance.

You cannot get Crisis Payment if you are only getting a Family Tax Benefit payment or Child Care Subsidy.

## Extreme circumstances

We consider an extreme circumstance to be **one** of the following:

- you experienced an incident of family and domestic violence that forced you to leave home and set up, or intend to set up, a new home
- you stayed in your home after experiencing domestic violence and the family member responsible left or was removed from the home
- you left your home because of a natural or other disaster not covered by a disaster relief payment
- you get released from prison or psychiatric confinement for a period of at least 14 days
- you arrived in Australia for the first time on a qualifying humanitarian visa.

## Crisis Payment amount

The amount of Crisis Payment is equal to one week’s payment of your basic Centrelink pension or benefit. This does not include additional payments such as Rent Assistance or Pharmaceutical Allowance. This is an extra one-off non-taxable payment added to your regular fortnightly payment.

If you get a Crisis Payment, you may also apply to have part of the first instalment of your pension or benefit paid early if eligible. We call this a Hardship Advance.

## Claim Crisis Payment

You can claim Crisis Payment online using your Centrelink online account through myGov.

If you do not have a myGov account or Centrelink online account, you need to set them up.

To create a myGov account, go to **my.gov.au/en/about/mygov-community-resources** to download translated guides via the eKit.

If you cannot claim online, you can call **132 850** or your regular payment line. You can find our phone numbers in English at **servicesaustralia.gov.au/phoneus**. Let us know if you need an interpreter, and we will arrange one for free.

## For more information

- Go to **servicesaustralia.gov.au/crisispayment** for more information in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language.
- Call **131 202** to speak with us in your language about Centrelink payments and services.
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free.
- If you are affected by **family and domestic violence**, there is help available. Call **132 850** Monday to Friday, 8 am to 5 pm local time, and ask to speak to a social worker.
- Visit a service centre.

Calls from your home phone to 13 numbers from anywhere in Australia are at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to 1800 numbers from your home phone are free. Calls from public and mobile phones may be at a higher rate depending on time.

## Disclaimer

The information contained in this publication is only a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.